" ဗုဒ္ဓဘာသာ နှင့် တပည့်ကောင်း "

ဗုဒ္ဓဘာသာဝင်တိုင်း ဗုဒ္ဓဘာသာဝင်စစ်စစ် ဟုမဆိုနိုင်ပါ၊ မိရိုးဖလာ ဗုဒ္ဓဘာသာ အဆင့်တွင် ရပ်တန့်နေသူများ အားလုံး ဗုဒ္ဓဘာသာဝင်စစ်စစ် မဟုတ်ကြပါ။ ဗုဒ္ဓဘာသာဝင်စစ်စစ်ဆိုသည်မှာ ဗုဒ္ဓနှင့်ဗုဒ္ဓ၏ ဝါဒတော်အပေါ်တွင် ယုံမှားသံသယကင်းပြီး ယုံကြည်ချက် ခိုင်မာပြတ်သား သူများသာ ဖြစ်ကြပါသည်၊ ဗုဒ္ဓဘာသာဝင်စစ်စစ် ဖြစ်ရန် ကြိုးစားနေကြသူများကိုလည်း လှိုက်လှဲစွာ ဂုဏ်ယူကြို ဆိုထိုက်ပါသည်။ ဗုဒ္ဓဘာသာဝင်စစ်စစ်ဆိုသူသည် မိမိ၏ယုံကြည်ချက်အပေါ်တွင်မည်သို့သော ရုပ် နာမ် ချမ်းသာတို့ဖြင့် မြှောက်သည်ဖြစ်စေ မည်သို့သော ရုပ်၊ နာမ် ဆင်းရဲခြင်းကြီးတို့ဖြင့် ခြောက် သည်ဖြစ်စေ တုန်လှုပ်မှု မရှိတော့ဘဲ ခိုင်မာစွာ ရပ်တည်နေသူပင် ဖြစ်ပါသည်။

ရတနာမြတ်သုံးပါးအပေါ်တွင် ကြည်ညို ယုံကြည်သဒ္ဓါ ခိုင်မာမှု ရှိလာရန်မှာလည်း ဆရာ ကောင်း ဆရာမြတ်နှင့်တွေ့မှသာ ဖြစ်နိုင်ပါလိမ့်မည်၊ မိမိတို့သည် ဆရာကောင်း ဆရာမြတ်နှင့် တွေ့ရသည်၊ ချဉ်းကပ်ကိုးကွယ် ဆည်းပူးရသည်ပဲ ဆိုအုံးတော့ မိမိတို့ ကိုယ်တိုင်က တပည့် ကောင်း ဖြစ်ရန်မကြိုးစားပါက ဗုဒ္ဓဘာသာဝင်စစ်စစ်မဖြစ်နိုင်ပါ၊ တပည့်ကောင်း မဖြစ်သူသည် လည်း ဆရာကောင်း ဆရာမြတ် ဘယ်သောအခါမျှ မဖြစ်နိုင် ပါ။ လောကသုံးပါးတွင် လောကုတ္တရာဉာဏ်အရာ၌ ဆရာမရှိဘဲ အောင်မြင်သူမှာ ဗုဒ္ဓ တပါး တည်းသာရှိပါသည်၊ ကျန်ရုပ်နာမ် အားလုံး အဖို့ ဆရာရှိမှသာ အောင်မြင်နိုင်ပါသည်။ ထို့ကြောင့်မိမိတို့ သည် တပည့်ကောင်း ဖြစ်ရန် ကြိုးစား အားထုတ်ကြရပါ လိမ့်မည်။

တပည့်ကောင်းတဦးဖြစ်ရန်မှာ တပည့်ဝတ္တရားငါးပါးတွင်ပါသည့် <u>ဆုံးမနာယူ</u> ဆိုသည့် စကားအတိုင်း ဆရာမြတ်၏ ဆိုဆုံးမမှု အပေါ်တွင် တသွေမတိမ်းလိုက်နာဖို့ ရန်သာ ဖြစ်ပါသည်၊ ဤနေရာတွင် မိမိသိထားခြင်း တတ်ထားခြင်း၊ နားလည်လက်ခံထားခြင်းများကို ဘေးတွင်ခေါက်ထား သိမ်းထားရပါလိမ့်မည်၊ ဗုဒ္ဓ၏ သာသနာတော်၌ မိမိသည် တရားထူး တရားမြတ် မရသေးလျှင် ရတနာသုံးပါး၏ အပေါ်၌ယုံကြည်မှု မခိုင်မာသေးပေ၊ ယုံကြည်မှု ့မခိုင်မာသေးလျှင်လည်း ဗုဒ္ဓ ဘာသာဝင်စစ်စစ်မဖြစ်ပါ၊ မိမိတို့ သည် မည်မျှပင်ချမ်းသာပါစေ၊ ရာထူးဂုဏ်ဒြပ်တို့ မည်မျှပင် ကြီးမားပါစေ၊ ပညာအရာမှာလည်း ကျွမ်းကျင်ပါစေ ထိုသူ

သည် တရားပေးနိုင်သော ဆရာမြတ် ထံတွင် တပည့်မခံပါက၊ တပည့်ကောင်းဖြစ်အောင် မကြိုးစားပါက ဘယ်သောအခါမှ ဗုဒ္ဓဘာသာ ဝင်စစ်စစ် ဖြစ်လာမည်မဟုတ်ပါ။ ဗုဒ္ဓဘာသာဝင်ဟု ခံယူထားကြသော လူဝတ်ကြောင်များပင် မဆိုထားဘိ ရဟန်းသံဃာ ထေရ်ကြီးဝါကြီးများပင်ဖြစ်စေကာမူ၊ တိပိဋကတ်ပင် အောင်မြင် စေကာ မူ ဆရာမြတ်ထံ တွင်တပည့်ကောင်း အဖြစ် မဆည်းကပ်မခံယူ မကျင့်သုံးပါက ဗုဒ္ဓဘာသာစစ်စစ် ဖြစ်မလာ နိုင်ပါ။ ဤအချက်သည် အလွန်အရေးကြီးပြီး အလွန်ထူးခြားသောအချက်ပင် ဖြစ်ပါသည်၊ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓဘာသာဝင်စစ်စစ် ဖြစ်လိုသည့်မိမိသည် မိမိယုံကြည်သော ဆရာ ကောင်း ဆရာမြတ်နှင့်တွေ့ လျှင် ဆုံးမနာယူ ဆိုသည့်အတိုင်း ဆရာ၏ ဆုံးမ ညွှန်ကြားမှု ကို တသွေမတိမ်း နာခံတော့မည်ဟု ဆုံးဖြတ်ချက်ချထားသူ ဖြစ်ရပါလိမ့်မည်။

ဆရာ၏ ညွှန်ကြား ဆုံးမမှု အပေါ်တွင် လိုက်နာနိုင်သလောက်သာ လိုက်နာမည်ဟူ၍ကား မဖြစ်နိုင်ပါ၊ ဗုဒ္ဓဘာသာ စစ်စစ်သည် အလွန်တိကျပြတ်သား မှန်ကန်မှု ရှိသည့်အတွက် ဈေးဆစ်၍မရပါ၊ အတိမ်းအစောင်း မရှိရပါ၊ ထို့ ကြောင့် တပည့်ကောင်းဖြစ်ရန် ဆုံးဖြတ်ချက် ချနိုင်သူမှသာ ဗုဒ္ဓဘာသာဝင်စစ်စစ် ဖြစ်နိုင်ပါသည်။

အဘယ်ကြောင့် တပည့်ကောင်းဖြစ်မှ ဗုဒ္ဓဘာသာဝင်စစ်စစ်ဖြစ်ရပါသည်ဆိုသော် မိမိသည် တရားထူး တရားမြတ်သာရပါစေ တပည့်ခံရန် အဆင်သင့်ရှိနေပါသည် ဟူသော စိတ်သည် မိမိ၏ အတ္တကို ချိုးနှိမ်ပြီးသားဖြစ်နေပြီး၊ မိမိ၏ အလိုကို ပယ်သတ်ထားသည့် သဘောကို သက်ရောက် နေသဖြင့် ထိုသူသည် တရားရရန် ဗုဒ္ဓဘာသာစစ်စစ်ဖြစ်ရန် အသင့်ဖြစ်နေသော စိတ်နလုံးရှိနေ၍ ပင်ဖြစ်ပါသည်။ ဤအရာသည် လွယ်ကူသည့် အရာတော့မဟုတ်ပါ၊ ကိလေသာအလုံးစုံကို ပယ်ပြီး သော သူတော်ကောင်းသူတော်မြတ်ကြီးများမှလွဲ၍ ကျန်ပုဂ္ဂိုလ်အားလုံး၌ တဏှာ၊မာန၊ ဒိဋ္ဌိ သည်ရှိ နေကြသည်ပင် ဖြစ်ပါသည်၊ တဏှာ၊မာန၊ဒိဋ္ဌိ ဟူသည် မိမိတို့ ၌မွေးရာပါ အမွေအနှစ် များဖြစ်ပါ သည်။ ကံနှင့် တကွသော အကြောင်းအကျိုးတရားတို့ ကြောင့် မိမိတို့ သည် ရုပ်နာမ်ချမ်းသာ ခြင်းများ ကြီးမားပြည့်စုံတိုးတက်လာခြင်း၊ လောကီသတ်မှတ်ချက်အရ ပညာအဆင့် ကြီးမားလာ ခြင်း၊ ရာထူးဂုဏ်နာမည်ဂုဏ်များ ကြီးမားလာခြင်းတို့ ကြောင့် လည်း တဏှာ၊ မာန၊ ဒိဋ္ဌိတရားများ ပိုမို ဖိစီးလာတတ်ကြပါသည်၊ ထိုတရားတို့ ကို ခွါချရန် မလွယ်ကူသော်လည်း မိမိသည် တရားရရန် သို့ မဟုတ် ဗုဒ္ဓဘာသာစစ်စစ်ဖြစ်ရန်အလို့ ငှါ မိမိ၌ရှိနေသော မာနကို ပထမ ဦးစွာ ချိုးနှိမ်ပယ် သတ်ပြီး ဆရာကောင်းဆရာမြတ်၏

ထံတွင် တပည့်ခံတော့မည်ဟု ဆုံးဖြတ်ချက်ကို ခိုင်ခိုင်မာမာ ချရပါလိမ့်မည်၊ ထိုကဲ့သို့ ဆုံးဖြတ်ချက်ကို ခိုင်ခိုင်မာမာ ချနိုင်မှသာ ထိုသူသည် ဗုဒ္ဓဘာသာဝင် စစ်စစ်ဖြစ်ရန် လမ်းပွင့်သွားသူဖြစ်ပါလိမ့်မည်။

မိရိုးဖလာဗုဒ္ဓဘာသာမှ ဗုဒ္ဓဘာသာဝင်စစ်စစ် ဖြစ်ချင်ကြသော သူများအတွက် အရေးအကြီး ဆုံး အချက်နှစ်ချက် ရှိပါသည်၊ ပထမအချက်မှာ တရားသာရမည်ဆိုပါလျှင် တရားပေးနိုင်သူ၏ အ ထံ၌ တပည့်ခံရမည်ဟု ဆုံးဖြတ်ချက်ပြတ်သားနေရပါမည်။ ဒုတိယအချက်ကတော့ တရားပေး နိုင် မည့် ဆရာကောင်း ဆရာမြတ်ကိုတွေ့ အောင် ရှာနိုင်ဖို့၊ ဆည်းကပ်နိုင်ဖို့ ပင်ဖြစ်ပါသည်။

မိမိတို့ သည် မိမိအား တရားပေးနိုင်မည့် ဆရာကောင်းဆရာမြတ်ကို မတွေ့ နိုင်သေး မသိ နိုင်သေးသည်ဘဲထားအုံး ဆရာကောင်း ဆရာမြတ်ဟုသိလျှင် တွေ့ လျှင် တပည့်ခံ လိုက်မည်၊ တ ရားသာရပါစေ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးကဲ့သို့ မိမိ၏ခန္ဓာကို အပ်နှင်း၍ တပည့်ခံလိုက်မည်ဟု ဆုံးဖြတ်ချက် ကျနေသူဖြစ်လျှင် မိတ်ဆွေသည် မုချပင်တရားရပြီး ဗုဒ္ဓဘာသာဝင်စစ်စစ် ဖြစ်နိုင်ပါသည် ဟုတင်ပြအပ်ပါသည်။

နေရဇာန်